Myanmar Garment Manufacturers Association

# NEWSLETTER

OCTOBER 2022, ISSUE







**Japan International Cooperation Agency (JICA) မှတာဝန်ရှိလူကြီးမင်းများ MGMA သို့လာရောက်တွေ့ဆုံ** စာ - ၅

**စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေ သင်တန်း (Compulsory Training) အမှတ်စဉ် (၅)** စာ - ၂

**Voluntary Labour Compliance Assessment စစ်ဆေးခြင်း** စာ - ၉




**" ဆီမီးမြိုင်ဆိုင် လတန်ဆောင်တိုင် " အချိန်ခါသမယတွင် MGMA အသင်းဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးပွားကြပါစေကြောင်း MGMA မိသားစုဝင်များမှ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။**

# မာတိကာ

## Activity


စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် - ၅ .. ၂-၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး .................................................................. ၄

Japan International Cooperation Agency (JICA) မှတာဝန်ရှိလူကြီးမင်းများ MGMA သို့

လာရောက်တွေ့ဆုံ .................................................................................................. ၅

ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း ............................................................................................ ၆

Merchandiser 3 Days Training ........................................................................... ၇-၈


## News


Voluntary Labor Compliance Assessment စစ်ဆေးခြင်း ...................................... ၉


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Official Launch to Online System of Voluntary Labour Compliance Assessment by MGMA | November 10 | Lotte Hotel Yangon |
| 2. | Organizational Development of MGMA staff members | November 17 to 20 | TBC |
| 3. | "ISO-14001, Environmental Management System" Training | TBC | MGHRDC |
| 4. | Covid-19 self-test demonstration in-factory | November 29 | Kyarlay Apparel Co.,Ltd |

## Membership Update


New Members in October 2022 ......................................................... ၁၀

Membership update as of October 2022 ................................................. ၁၀

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၅)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၅) ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ပုသိမ်မြို့ရှိ Centro City Hotel ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသည် MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီးအသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

သင်တန်းတွင် MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပေးခဲ့သည်။ သင်တန်းသို့ ပုသိမ်မြို့ရှိ အသင်းဝင်စက်ရုံ (၉) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၃၁) ယောက်တက်ရောက်ခဲ့သည်။

သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်အမှာစကားကို MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ ပြောကြားခဲ့ပြီး Appreciation Certificate များကိုပေးအပ်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန်ပြုလုပ်သွားမည်ဖြစ်သည်။



Group Photo



MD of MGMA Daw Aye Mi Shein giving opening remark




Awarding Appreciation Certificate



Labour Officer of MGMA presenting Labour Law Awareness




Awarding Appreciation Certificate



Participants



Group Discussion

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်က MGMA အစည်းအဝေးခန်း ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ Apparel Sourcing Paris 2023 July Edition တွင် " Made in Myanmar " Booth သွားရောက်ပြုလုပ်မည့်ကိစ္စရပ်များ၊ ဗီယက်နမ်၌ပြုလုပ်မည့် AFTEX Country Meeting သို့ တက်ရောက်မည့်ကိစ္စရပ်များ၊ နိုဝင်ဘာလတွင်ပြုလုပ်မည့် VLCA online system မိတ်ဆက်ပွဲနှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အခြားသောအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ Zoom Application ဖြင့်တက်ရောက်ခဲ့ကြသည်။





# Japan International Cooperation Agency (JICA) မှတာဝန်ရှိလူကြီးမင်းများ MGMA သို့လာရောက်တွေ့ဆုံ



Japan International Cooperation Agency (JICA) မှတာဝန်ရှိလူကြီးမင်းများမှ မြန်မာနိုင်ငံ အထည်ချုပ်ငန်းရှင်များအသင်း (MGMA) ၏ မန်နေဂျင်းဒါရိုက်တာထံသို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်က MGMA အစည်းအဝေးခန်း၌ လာရောက်တွေ့ဆုံခဲ့သည်။




MGMA ၏လက်ရှိလုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များ၊ အထည်ချုပ်ကဏ္ဍ၏ လက်ရှိအခြေအနေများ နှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏မန်နေဂျင်းဒါရိုက်တာ နှင့် JICA မှတာဝန်ရှိ လူကြီးမင်းများတက်ရောက်ခဲ့ကြသည်။

# ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း



Group Photo



MD of MGMA Daw Aye Mi Shein giving opening remark



Daw Inkyinn presenting Income Management



Group Work



Awarding Certificate



Awarding Certificate

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှကြီးမှူးသည့် ဝင်ငွေစီမံခန့်ခွဲမှုသင်တန်းကို ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလ ၁၈ ရက် နှင့် ၁၉ ရက်များတွင် ပုသိမ်မြို့ရှိ Centro City Hotel ၌ LIFT Myanmar ၏ ပံ့ပိုးကူညီမှုဖြင့်ပြုလုပ်ခဲ့သည်။

သင်တန်းအားအထည်ချုပ်လုပ်သားများ ၄င်းတို့၏ လစာဝင်ငွေကိုကြွေးမြီးကင်းအောင် စနစ်တကျစီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ Nway Phyoe Khinn Comsulting and Training Development Service မှသင်တန်းနည်းပြ ဒေါ်အင်ကြင်းမှ ဝင်ငွေတိုးတက်စေရန်နည်းလမ်းများ ၊ ကုန်ကျစရိတ်လျှော့ချရန်နည်းလမ်းများ၊ အရေးပေါ်ကုန်ကျစရိတ်များအတွက်ငွေစုဆောင်းခြင်း၊ ငွေစုဆောင်းခြင်း၏အရေးကြီးပုံများ၊ စနစ်တကျငွေစုဆောင်းရန်နည်းလမ်းများ၊ ဂျပန်နိုင်ငံမှ KAKEIBO saving book အကြောင်းများကိုသင်ကြားပေးခဲ့ပြီး သင်တန်းသားများမှအဖွဲ့လိုက်လုပ်ဆောင်မှုများ နှင့် activity များကိုတက်ကြွစွာပါဝင်ပေးခဲ့ကြသည်။ သင်တန်းသို့ ပုသိမ်မြို့ရှိ အသင်းဝင်စက်ရုံများမှ သင်တန်းသား (၃၄) ယောက်တက်ရောက်ခဲ့သည်။ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်အမှာစကားကို MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

# Merchandiser 3 Days Training




Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး Merchandiser 3 Days Training ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ ၂၉ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Trainer Daw Htet Htet Phyo Aung lecturing Merchandiser

သင်တန်းအဖွင့်အမှာစကားကို MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ ပြောကြားခဲ့သည်။ သင်တန်းနည်းပြ ဒေါ်ထက်ထက်ဖြိုးအောင်မှ key aspects of managing the communication, planning and reporting process, knowledge on managing warehouse, cutting, pattern, calculation, sample arrangement and finishing, practical on excel knowledge, time management and problem solving in garment factory များကို အဖွဲ့လိုက် Presentation များနှင့် ဂိမ်းအစီအစဉ်များဖြင့် သင်ကြားခဲ့သည်။



Presentation

သင်တန်းသို့ MGMA အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၃၅) ယောက် တက်ရောက်ခဲ့သည်။ သင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားကို MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



Group Discusion



Group Discussion




Awarding Certificate




Awarding Certificate





Awarding Certificate



Motivational Game

# NEWS

## Voluntary Labor Compliance Assessment စစ်ဆေးခြင်း



Shuangxi (Pathein) Garment Co.,Ltd



Dong Long (Pathein) Garment Co.,Ltd

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်နှင့် ပုသိမ်မြို့ရှိ အသင်းဝင်စက်ရုံ (၅) ရုံကို သွားရောက်အကဲဖြတ်စစ်ဆေးခဲ့သည်။ အဆိုပါ စက်ရုံ ၅ ရုံမှာ Kyarlay Apparel Co.,Ltd, Myanmar All Rich Garment Co.,Ltd, Shuangxi (Pathein) Garment Co.,Ltd, Chia Moon Sports (Myanmar) Co.,Ltd နှင့် Dong Long (Pathein) Garment Co.,Ltd တို့ဖြစ်သည်။



Kyarlay Apparel Co.,Ltd



Chia Moon Sports (Myanmar) Co.,Ltd



Myanmar All Rich Garment Co.,Ltd

လှိုင်သာယာရှိ Kyarlay Apparel Co.,Ltd သို့ အောက်တိုဘာလ (၆) ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ Myanmar All Rich Garment Co.,Ltd သို့ အောက်တိုဘာလ (၁၇) ရက်တွင်လည်းကောင်း၊ Pathein Industrial City (PIC) ရှိ Shuang Xi Pathein Garment Co.,Ltd သို့ အောက်တိုဘာလ (၁၈) ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ Chia Moon Sports (Myanmar) Co.,Ltd သို့ အောက်တိုဘာလ (၁၉) ရက်တွင်လည်းကောင်း၊ Pathein Industrial Zone ရှိ Dong Long (Pathein) Garment Co.,Ltd သို့ အောက်တိုဘာလ (၂၁) ရက်တွင်လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် တရားဝင်ကြေညာခဲ့သည်။

# UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Official Launch to Online System of Voluntary Labour Compliance Assessment by MGMA | November 10 | Lotte Hotel Yangon |
| 2. | Organizational Development of MGMA staff members | November 17 to 20 | TBC |
| 3. | "ISO-14001, Environmental Management System" Training | TBC | MGHRDC |
| 4. | Covid-19 self-test demonstration in-factory | November 29 | Kyarlay Apparel Co.,Ltd |

# MEMBERSHIP UPDATE

New Members in October 2022

| **Country** | **No. of New Member Factories** |
|---|---|
| China | 2<br>(September 1 Factory) |
| JV | 1 |
| MC | 1 |
| Total | 4 |

Membership Update as of October 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 71 |
| | China | 300 |
| | Korea | 56 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 45 |
| Total (Active) | | 538 |
| Grand Total | | 787 |